ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**The Republic of the Union of Myanmar**

# ပိုးသတ်ဆေးဥပဒေ

# The Pesticide Law

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း(၁၁)ရက်

(၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်)

**The 11th Waxing of Pyatho, 1377 M.E.**

**(20th January, 2016)**

ပြည်ထောင်စုလွှတ်တော်
( ၂၀၁၆ခုနှစ်၊ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၁၄။)

**ပိုးသတ်ဆေးဥပဒေ**

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၁၁ရက်
(၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်)

ပြည်ထောင်စုလွှတ်တော်သည်ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကိုပိုးသတ်ဆေးဥပဒေဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသောအောက်ပါစကားရပ်များသည်ဖော်ပြပါ အတိုင်းအဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ပိုး**ဆိုသည်မှာ သီးနှံ၊ ရိက္ခာ၊ လူ၊ တိရစ္ဆာန်နှင့် အခြား ပစ္စည်းများကို နှောင့်ယှက်သော သို့မဟုတ် ဖျက်ဆီးသော ပိုးကောင်များ၊ မွှားကောင်များနှင့် အပင်ရောဂါပိုးများကို ဆိုသည်။ ယင်းစကားရပ်တွင် အပင်များကို နှောင့်ယှက် ဖျက်ဆီးသော ကြွက်၊ ပွေး၊ ခရု၊ ပေါင်းပင်စသည်တို့လည်း ပါဝင်သည်။

**The Pyidaungsu Hluttaw**
**(The Pyidaungsu Hluttaw Law No. 14, 2016)**

**The Pesticide Law (Draft)**

**The 11th Waxing of Pyatho, 1377 M.E.**
**(20th January, 2016)**

The Pyidaungsu Hluttaw hereby enacts this Law.

**Chapter I**

**Title and Definition**

1. This Law shall be called **the Pesticide Law.**

2. The following expressions contained in this Law shall have the meanings given hereunder:

(a) **Pest** means insects, arachnids, and organisms causing plant diseases that interfere with or destroy crops, food, human beings, animals and other things. Such expression also includes the destructive interfering rodents, moles, snails and weeds etcetera;

(ခ) **ပိုးသတ်ဆေး** ဆိုသည်မှာ ဖျက်ပိုးကို အဝေးသို့ ပြေးစေရန်လည်းကောင်း၊ဖျက်ဆီးရန်လည်းကောင်း၊ ကာကွယ်နှိမ်နှင်းရန်လည်းကောင်း သို့မဟုတ် ဖျက်ပိုးကြီးထွား မှုနှင့် အကျိုး တစ်စုံတစ်ရာအတွက် အပင်ကြီးထွားမှုကို ထိန်းချုပ်ရန်လည်းကောင်း ရည်ရွယ်ထားသော ဓာတုပစ္စည်း သို့မဟုတ် တစ်မျိုးထက်ပိုသော ဓာတုပစ္စည်း အရော သို့မဟုတ် အဏုဇီဝပစ္စည်းအရောကို ဆိုသည်။

(ဂ) **အဆိပ်ရှိပစ္စည်း**ဆိုသည်မှာ ပိုးသတ်ဆေးတွင် ပါဝင် သော သို့မဟုတ် ပိုးသတ်ဆေးဖော်စပ်ရာတွင် အသုံးပြု နိုင်သော အန္တရာယ်ဖြစ်စေသည့် သို့မဟုတ် အဆိပ်သင့်စေသည့် ဓာတုပစ္စည်းတစ်မျိုးမျိုးကိုဆိုသည်။

(ဃ) **တံဆိပ်**ဆိုသည်မှာ ပိုးသတ်ဆေးထည့်သွင်းထားသည့် ပစ္စည်းတွင်ဖြစ်စေ၊ ထုပ်ပိုးထားသည့် ပစ္စည်းတွင်ဖြစ်စေ ကပ်ထားသော သို့မဟုတ် ချိတ်ဆွဲထားသော ပုံနှိပ်ထားသည့် အညွှန်းစာနှင့်အမှတ်အသားကို ဆိုသည်။

(င) **မှတ်ပုံတင်အဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ဝန်ကြီးဌာနက ဖွဲ့စည်းသော ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ကို ဆိုသည်။

(စ) **ပိုးသတ်ဆေးနည်းပညာကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်အဖွဲ့ကဖွဲ့စည်းသောကော်မတီကို ဆိုသည်။

(b) **Pesticide** means a chemical substance or substance which is mixed more than one chemical or biological substance intended to drive away, destroy, prevent and suppress the destructive pest, or control the growth of destructive pest and plants for any interest;

(c) **Active Ingredient** means any chemical substance contained in pesticide or can be used in formulation of pesticide that is hazardous or poisonous;

(d) **Label** means a printed mark and direction for use attached or hanged on containers or packages containing pesticides;

(e) **Registration Board** means the Pesticide Registration Board formed by the Ministry under this Law;

(f) **Pesticide Technical Committee** means the Committee formed by the Registration Board under this Law;

(ဆ) **စမ်းသပ်သုံးစွဲခွင့်မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ မှတ်ပုံတင်အဖွဲ့က သတ်မှတ်ထားသည့် နယ်မြေအတွင်း ပိုးသတ်ဆေး၏ ထိရောက်မှုကိုလည်းကောင်း၊ စိုက်ပျိုးစနစ်နှင့် သင့်လျော်သည့် သုံးစွဲမှုနည်းလမ်းကိုလည်းကောင်း သတ်မှတ်နိုင်ရန် နှစ်နှစ်ကာလအတွင်း စမ်းသပ်သုံးစွဲခွင့်ပြုကြောင်း ဤဥပဒေအရထုတ်ပေးသောလက်မှတ်ကို ဆိုသည်။

(ဇ) **ယာယီသုံးစွဲခွင့်မှတ်ပုံတင်လက်မှတ်**ဆိုသည်မှာ မှတ်ပုံတင်အဖွဲ့က သီးနှံအလိုက် ပိုးသတ်ဆေးအညွှန်းစာပါအတိုင်း ငါးနှစ်ကာလအတွင်း သုံးစွဲခွင့်ပြုကြောင်း ဤဥပဒေအရ ထုတ်ပေးသောလက်မှတ်ကို ဆိုသည်။

(ဈ) **အပြည့်အဝသုံးစွဲခွင့် မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ မှတ်ပုံတင်အဖွဲ့က သီးနှံအလိုက် ပိုးသတ်ဆေးအညွှန်းစာပါ အတိုင်း ၁၀နှစ်ကာလအတွင်းသုံးစွဲခွင့်ပြုကြောင်း ဤဥပဒေ အရ ထုတ်ပေးသောလက်မှတ်ကို ဆိုသည်။

(ည) **အထူးသုံးစွဲခွင့်မှတ်ပုံတင်လက်မှတ်**ဆိုသည်မှာ မှတ်ပုံတင်အဖွဲ့က မမျှော်လင့်သောပိုးများ ကျရောက်ခြင်းမှ ကာကွယ်ရန်သတ်မှတ်ထားသည့်ပိုးသတ်ဆေးကို တစ်နှစ်ကာလအတွင်း အရေးပေါ်သုံးစွဲခွင့်ပြုကြောင်း ဤဥပဒေအရ ထုတ်ပေးသောလက်မှတ်ကိုဆိုသည်။

(g) **Experimental Registration Certificate** means a certificate issued by the Registration Board under this Law that it is permitted for experimental use within two years to determine the efficacy of a pesticide within a specified area and the method of use suitable for agricultural practice;

(h) **Provisional Registration Certificate** means a certificate issued by the Registration Board under this Law that it is permitted to use within five years for the respective crop in accordance with the instruction pertaining to the pesticide;

(i) **Full Registration Certificate** means a certificate issued by the Registration Board under this Law that it is permitted to use within ten years for the respective crop in accordance with the instruction pertaining to the pesticide;

(j) **Special Use Permit** means a permit issued by the Registration Board under this Law that it is permitted as emergency use within one year for the specified pesticide to prevent from outbreak of unexpected pests;

(ဋ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။

(ဌ) **ဝန်ကြီး**ဆိုသည်မှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးကိုဆိုသည်။

(ဍ) **ဦးစီးဌာန** ဆိုသည်မှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနစိုက်ပျိုးရေးဦးစီးဌာနကို ဆိုသည်။

(ဎ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုဆိုသည်။

(ဏ) **ဦးစီးမှူး** ဆိုသည်မှာ စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ခရိုင်နှင့်မြို့နယ်ဦးစီးမှူးတို့ကို ဆိုသည်။

(တ) **စစ်ဆေးရေးမှူး** ဆိုသည်မှာ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ပိုးသတ်ဆေးသုံးစွဲမှုနှင့် ရောင်းချမှု မှန် မမှန်၊ ပိုးသတ်ဆေးကို အန္တရာယ်ကင်းရှင်းစွာ သုံးစွဲခြင်း ရှိမရှိနှင့် ပိုးသတ်ဆေးတွင်ပါဝင်ရမည့် အဆိပ်ရှိပစ္စည်း ရာခိုင်နှုန်းပြည့်မီခြင်း ရှိမရှိတို့ကို စစ်ဆေးနိုင်ရန် ညွှန်ကြားရေးမှူးချုပ်က တာဝန်ပေးအပ်သည့် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းကိုဆိုသည်။

(k) **Ministry** means the Ministry of Agriculture and Irrigation of the Union Government;

(l) **Minister** means the Union Minister of the Ministry of Agriculture and Irrigation;

(m) **Department** means the Department of Agriculture of the Ministry of Agriculture and Irrigation;

(n) **Director General** means the Director General of the Department of Agriculture;

(o) **Chief Officer** means an officer of the Department of Agriculture in the Region or State, District and Township;

(p) **Inspector** means a staff of the Department of Agriculture to whom duty has been assigned by the Director General to investigate such matters as to whether the method of use and sale of pesticide is correct or not, whether the use of the pesticide is free from hazard or not, and whether or not the percentage of active ingredient in the pesticide as declared is of full potency in conformity with the provisions of this Law;

(ထ) **လိုင်စင်** ဆိုသည်မှာ ဤဥပဒေအရ ပိုးသတ်ဆေးနှင့်စပ်လျဉ်း၍ လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ဆောင်ရွက်ရန် ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် သက်ဆိုင်ရာခရိုင်ဦးစီးမှူးက ထုတ်ပေးသော ခွင့်ပြုမိန့်ကို ဆိုသည်။

(ဒ) **ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲခွင့် လက်မှတ်ရသူ** ဆိုသည်မှာ အဆိပ်အတောက်ပြင်းထန်သည့် ပိုးသတ်ဆေးကို သုံးစွဲရာတွင် ကျွမ်းကျင်စွာကိုင်တွယ်သုံးစွဲနိုင်သူဖြစ်ကြောင်း ဦးစီးဌာနက အသိအမှတ်ပြုလက်မှတ်ထုတ် ပေးထားသူကို ဆိုသည်။

## အခန်း(၂)

## မှတ်ပုံတင်အဖွဲ့ဖွဲ့စည်းခြင်း

၃။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်-

(က) ဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ သီးနှံကာကွယ်ရေးဌာနခွဲ ညွှန်ကြားရေးမှူးက တွဲဖက်အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာဌာနများ၏ အကြီးအမှူးများနှင့် ကျွမ်းကျင်သူပညာရှင်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သော ပိုးသတ် ဆေးမှတ်ပုံတင်အဖွဲ့ကို ဖွဲ့စည်းရမည်။

(q) **Licence** means a permit issued by the Director General or the respective District Chief Officer to carry out any enterprise concerning pesticide under this Law;

(r) **Certified Pesticide Applicator** means a person who is issued the recognized certificate by the Department as being proficient in the use of highly toxic pesticides.

## Chapter II

## Formation of Registration Board

3. The Ministry, with the approval of the Union Government;

(a) shall form the Pesticide Registration Board comprising the Deputy- Minister of the Ministry as a chairman, the Director General as a secretary, the Director of Plant Protection Division as a joint-secretary, heads of relevant departments and experts as members;

(ခ) ထို့ပြင်ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသော မှတ်ပုံတင်အဖွဲ့ကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၄။ မှတ်ပုံတင်အဖွဲ့၏ ရုံးလုပ်ငန်းများကို ဦးစီးဌာနက ဆောင်ရွက်ရမည်။

## အခန်း(၃)
## မှတ်ပုံတင်အဖွဲ့၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅။ မှတ်ပုံတင်အဖွဲ့သည် ပုဒ်မ၁၄၊ ပုဒ်မခွဲ(က)အရ လျှောက်လွှာနှင့် အတူ ပူးတွဲတင်ပြသည့် ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို အညွှန်းစာပါအတိုင်း အဆိပ်ရှိပစ္စည်းရာခိုင်နှုန်း ပြည့်မီစွာ ပါဝင်ခြင်း ရှိမရှိ ဓာတ်ခွဲစစ်ဆေးခြင်းနှင့်ပိုးကိုနှိမ်နင်းရာတွင် ထိရောက်မှုရှိမရှိ စိုက်ခင်းတွင် လက်တွေ့စမ်းသပ်ခြင်းပြုရန် ဦးစီးဌာနအား ညွှန်ကြားရမည်။

၆။ မှတ်ပုံတင်အဖွဲ့သည်ဦးစီးဌာန၏ လက်တွေ့စမ်းသပ်စစ်ဆေးချက်များအရ အရည်အသွေးရာခိုင်နှုန်းပြည့်မီပြီး ထိရောက်မှုရှိပါက သက်ဆိုင်ရာ မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုးကို ထုတ်ပေးနိုင်သည်။

၇။ မှတ်ပုံတင်အဖွဲ့သည် အရေးပေါ်ကိစ္စရပ်များတွင် မမျှော်လင့်သည့် သီးနှံဖျက်ပိုးများကျရောက်မှုကို ကာကွယ်နှိမ်နင်းနိုင်ရန်မည်သည့် ပိုးသတ်ဆေးကိုမဆို အထူးသုံးစွဲခွင့်မှတ်ပုံတင်လက်မှတ် ထုတ်ပေးနိုင်သည်။

(b) may reconstitute the Registration Board formed under sub-section (a) from time to time.

4. The Department shall perform the office work of the Registration Board.

## Chapter III
## Duties and Powers of the Registration Board

5. The Registration Board shall direct the Department to carry out the analysis of pesticide or active ingredient submitted with the application under sub-section (a) of Section 14 for determining whether or not the percentage of active ingredient meets the potency according to the instruction and to carry out bio-efficacy trial in the cultivation field whether or not the pesticide is effective in suppressing the pest.

6. The Registration Board may issue any relevant registration certificate if the quality of the pesticide is fulfilled and effective under the analytical test and efficacy trial of the Department.

7. The Registration Board may issue the registration certificate for special use of any pesticides in order to prevent and suppress the outbreak of the unexpected destructive pest in emergency cases.

၈။ မှတ်ပုံတင်အဖွဲ့သည် အောက်ပါအချက်တစ်ရပ်ရပ် ပေါ်ပေါက်ကြောင်း တွေ့ရှိသော မှတ်ပုံတင်ခွင့်ရရှိထားသည့်ပိုးသတ်ဆေး သို့မဟုတ်

အဆိပ်ရှိပစ္စည်းကို သုံးစွဲခြင်းမပြုရန် တားမြစ်ခြင်း သို့မဟုတ် မှတ်ပုံတင်ကိုပြန်လည်ရုပ်သိမ်းခြင်းပြုနိုင်သည်-

any of the following events contained hereunder or withdraw the registration:

(က) ပြည်ပမှသော်လည်းကောင်း၊ ပြည်တွင်းမှ သော်လည်းကောင်းရရှိသည့် အချက်အလက်များအရ ပိုးသတ်ဆေးသည် လူ၊ တိရစ္ဆာန်၊ သီးနှံနှင့်ပတ်ဝန်းကျင်ကို အန္တရာယ်ဖြစ်စေနိုင်ခြင်း၊

(a) on facts received from outside or inside of the country that the pesticide may be hazardous to human being, animal, crop, and environment;

(ခ) ပိုးသတ်ဆေးကို ထပ်မံစစ်ဆေးရာတွင် လျှောက်ထားစဉ်ကတင်ပြခဲ့သော ဓာတ်ခွဲစစ်ဆေးထားသည့် အဆိပ်ရှိပစ္စည်းရာခိုင်နှုန်းပြည့်မီမှုမရှိကြောင်း သို့မဟုတ် အရည်အသွေး ပြည့်မီမှုမရှိကြောင်း စစ်ဆေးတွေ့ရှိခြင်း၊

(b) finding on reinvestigation of the pesticide that the percentage of the active ingredient has met neither the analyzed strength nor the quality as shown at the time of application;

(ဂ) ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းထုတ်လုပ်သောပြည်ပကုမ္ပဏီကဖြစ်စေ၊ပြည်တွင်းတွင် ပိုးသတ်ဆေးဖော်စပ်ရောင်းချသူကဖြစ်စေ ဆက်လက် သုံးစွဲခြင်း မပြုရန်အကြောင်းကြားခြင်း။

(c) on being requested to discontinue the use by the applicant who may be either the pesticide or active ingredient manufacturing foreign company or the local formulator.

8. The Registration Board may prohibit the use of pesticide or toxic substance for which registration has been obtained on occurring

၈။ မှတ်ပုံတင်အဖွဲ့သည် အပြည်ပြည်ဆိုင်ရာ အကြံပြုချက်များအပေါ် အခြေပြု၍ ပိုးသတ်ဆေးများဖော်စပ်ထုတ်လုပ်ခြင်း၊ ကိုင်တွယ်သုံးစွဲ

ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်းတို့တွင် အန္တရာယ်ကင်းရှင်းရေးအတွက်လည်းကောင်း၊ သက်တမ်းလွန် ပိုးသတ်ဆေးများသည် သက်ရှိအားလုံးနှင့်ပတ်ဝန်းကျင်ကို အန္တရာယ်ဖြစ်စေနိုင်သဖြင့် စနစ်တကျဖျက်ဆီးရေးအတွက်လည်းကောင်း၊ သုံးစွဲပြီးသော ပိုးသတ်ဆေးဘူးအခွံနှင့် ထုပ်ပိုးပစ္စည်းများစနစ်တကျစွန့်ပစ်ခြင်း၊ ဖျက်ဆီးခြင်းအတွက်လည်းကောင်း ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်။

၁၀။ မှတ်ပုံတင်အဖွဲ့သည် ပုဒ်မ ၅ အရဆောင်ရွက်သော ပိုးသတ်ဆေး ဓာတ်ခွဲစစ်ဆေးခြင်းနှင့်စိုက်ခင်းတွင် လက်တွေ့စမ်းသပ်ခြင်းတို့နှင့် စပ်လျဉ်း၍ ကျွမ်းကျင်သူများ၏ အကြံဉာဏ်ကိုရယူရန် ဦးစီးဌာနအား ခွင့်ပြုနိုင်သည်။

၁၁။ မှတ်ပုံတင်အဖွဲ့သည် ပြည်ပမှလည်းကောင်း၊ ပြည်တွင်းမှလည်းကောင်းမှတ်ပုံတင်ခွင့်ရရှိရန် လျှောက်ထားသောပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်း၏ နည်းပညာအချက်အလက်များကို သက်ဆိုင်သူ၏ မူပိုင်အဖြစ် လျှို့ဝှက်ထားရမည်။

9. The Registration Board may issue the directives based on international recommendations to overcome the hazards of formulating and handling and use, transport, storage and sale of pesticides, systematic destruction of expired pesticides which may cause hazard to all living things and environment, systematic disposal and destruction of the used containers and packages of the pesticide.

10. The Registration Board may allow the Department to take advice from experts on analysis of pesticide and bio-efficacy trials on cultivation field undertaken under section 5.

11. The Registration Board shall keep the technical data of the pesticide or active ingredient applied to obtain the right to register from outside or inside the country as confidential proprietary data.

၁၂။ မှတ်ပုံတင်အဖွဲ့သည်-

(က) ညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ သီးနှံကာကွယ်ရေးဌာနခွဲ ညွှန်ကြားရေးမှူးက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ အစိုးရဌာနများ၏ ကျွမ်းကျင်သူပညာရှင်များက အဖွဲ့ဝင်များအဖြစ် လည်းကောင်း ပါဝင်သော ပိုးသတ်ဆေးနည်းပညာကော်မတီကို ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များကို သတ်မှတ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသော ပိုးသတ်ဆေးနည်းပညာကော်မတီကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဂ) လုပ်ငန်းတာဝန်များကိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်နှင့် ပိုးသတ်ဆေးနည်းပညာကော်မတီကိုအထောက်အကူပြုနိုင်ရန်လိုအပ်သောလုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းပြီးယင်းတို့၏ လုပ်ငန်းတာဝန်များကိုသတ်မှတ်နိုင်သည်။

12. The Registration Board:

(a) shall form the Pesticide Technical Committee comprising the Director General as a chairman, the Director of Plant Protection Division as a secretary, experts of relevant departments as members with the approval of Ministry, and determine the functions and duties thereof;

(b) may reconstitute the Pesticide Technical Committee which is formed under sub-section (a) from time to time with the approval of Ministry;

(c) may determine their functions and duties after forming the necessary working groups to carry out the functions and duties effectively and support the Pesticide Technical Committee.

## အခန်း(၄)
## မှတ်ပုံတင်လျှောက်ထားခြင်းနှင့် အခွန်အခပေးဆောင်ခြင်း

၁၃။ ပိုးသတ်ဆေးသို့မဟုတ်အဆိပ်ရှိပစ္စည်းကို ပြည်ပမှတင်သွင်းခြင်း ပြုလုပ်လိုသူသည်အောက်ဖော်ပြပါမှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုးရရှိရေး အတွက်မှတ်ပုံတင်အဖွဲ့သို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်-

(က) စမ်းသပ်သုံးစွဲခွင့်မှတ်ပုံတင်လက်မှတ်၊

(ခ) ယာယီသုံးစွဲခွင့်မှတ်ပုံတင်လက်မှတ် ၊

(ဂ) အပြည့်အဝသုံးစွဲခွင့်မှတ်ပုံတင်လက်မှတ်၊

(ဃ) အထူးသုံးစွဲခွင့်မှတ်ပုံတင်လက်မှတ်

၁၄။ ပုဒ်မ၁၃ပါမှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုးရရှိရန် လျှောက်ထားသူသည်-

(က) လျှောက်လွှာနှင့်အတူ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်း၏နမူနာကို ဓာတ်ခွဲစစ်ဆေးသည့်နည်းလမ်း၊ ဓာတ်ခွဲစစ်ဆေးတွေ့ရှိမှုထောက်ခံချက်၊ ထုတ်လုပ်သည့်ရက်စွဲနှင့်သက်တမ်းကုန်ဆုံးသည့်ရက်စွဲ၊ သုံးစွဲရန်အညွှန်းတို့နှင့် အတူ သတ်မှတ်ထုထည် သို့မဟုတ် သတ်မှတ်အလေးချိန်တို့ကို မှတ်ပုံတင်အဖွဲ့သို့ ပူးတွဲတင်ပြရမည်။

13. A person desirous of importing pesticide or active ingredient from abroad shall, in order to obtain any types of the following registration certificate, apply to the Registration Board in the prescribed form:

(a) experimental registration certificate;

(b) provisional registration certificate;

(c) full registration certificate;

(d) special use permit.

14. The applicant for obtaining any registration certificate contained in section 13, shall:

(a) submit the application together with the method of analysis of the sample of formulated pesticide or active ingredient, approval certificate of chemical analysis, manufacturing date and expiry date, instruction for use and prescribed quantity or weight to the Registration Board;

(ခ) ဓာတ်ခွဲစမ်းသပ်ခကိုသတ်မှတ်ချက်နှင့်အညီ ပေးဆောင်ရမည်။

## Chapter IV

## Application for Registration and Payment of Fees

(ဂ) မှတ်ပုံတင်ခွင့်ပြုချက်ရရှိပါက မှတ်ပုံတင်ခကို သတ်မှတ်ချက်နှင့်အညီပေးဆောင်ရမည်။

၁၅။ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကိုပြည်ပမှတင်သွင်းခြင်းအတွက် မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုးရရှိရန် လျှောက်ထားသောလျှောက်လွှာကို မှတ်ပုံတင်အဖွဲ့က စိစစ်ပြီး မှတ်ပုံတင်ရန်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၁၆။ ပိုးသတ်ဆေး သို့မဟုတ်အဆိပ်ရှိပစ္စည်းကို ပြည်ပသို့တင်ပို့ခြင်းပြုလုပ်လိုသူသည် မှတ်ပုံတင်အဖွဲ့သို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် ပုဒ်မ၁၄၊ ပုဒ်မခွဲ(က) ပါအချက်များပူးတွဲ၍ တင်ပို့ခွင့်ထောက်ခံချက်လက်မှတ် လျှောက်ထားရမည်။ မှတ်ပုံတင်အဖွဲ့သည်လျှောက်လွှာကိုခွင့်ပြုပါက ထောက်ခံချက်လက်မှတ်ထုတ်ပေးနိုင်သည်။

## အခန်း(၅)

## လိုင်စင်လျှောက်ထားခြင်းနှင့်အခွန်အခပေးဆောင်ခြင်း

၁၇။ လိုင်စင်လျှောက်ထားသူသည် -

(က) ပြည်ပမှတင်သွင်းသော အဆိပ်ရှိပစ္စည်းကို ပြည်တွင်းတွင် ပိုးသတ်ဆေးအဖြစ် ဖော်စပ်ရောင်းချသည့်လုပ်ငန်း လုပ်ကိုင်လိုပါက လိုင်စင်ရရှိရေးအတွက်ဦးစီးဌာနသို့ သတ်မှတ်ထားသောလျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။

(b) pay the analytical fee in accord with the stipulations;

(c) pay the registration fee in accord with the stipulation if the permission of registration is obtained.

15. The application to obtain any registration certificate for importing the pesticide or active ingredient is scrutinized by the Registration Board, and may be permitted or rejected to register.

16. A person desirous of exporting the pesticide or active ingredient shall apply the approval certificate of export permit attached with the facts contained in subsection (a) of section 14 to the Registration Board in the prescribed application form. The Registration Board may issue the approval certificate if the application is permitted.

## Chapter V

## Application for Licence and Payment of Fees

17. An applicant for licence shall:

(a) if desirous of engaging in enterprise for formulation and sale as pesticide in the country from imported active ingredients, shall apply to the Department in the prescribed application form for the purpose of obtaining a licence;

(ခ) ပြည်ပမှတင်သွင်းသည့် ပိုးသတ်ဆေးကို ပြည်တွင်းတွင် ပြန်လည်ထုပ်ပိုးရောင်းချသည့် လုပ်ငန်းလုပ်ကိုင်လိုပါက

လိုင်စင်ရရှိရေးအတွက် ဦးစီးဌာနသို့သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့်လျှောက်ထားရမည်။

(ဂ) ပိုးသတ်မှိုင်းတိုက်ခြင်းလုပ်ငန်းလုပ်ကိုင်ရန် လိုအပ် သည့် ပြည်ပပို့ကုန်များ၊ သိုလှောင်သီးနှံများကို ပိုးသတ်ခြင်းလုပ်ငန်း၊ဂိုဒေါင်များ၊ အဆောက်အအုံများနှင့် လူနေအိမ်ဝန်းကျင်များ၊ သိုလှောင်သည့်နေရာ၊ သယ်ဆောင်ယာဉ်နှင့် ကုန်တင်သေတ္တာများတွင် ပိုးသတ်မှိုင်းတိုက်ခြင်းလုပ်ငန်း လုပ်ကိုင်လိုပါက လိုင်စင်ရရှိရေးအတွက် ဦးစီးဌာနသို့ သတ်မှတ်ထားသောလျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။

(ဃ) ပုဒ်မခွဲ(က)၊ (ခ)နှင့်(ဂ)တို့အရ လျှောက်ထားခြင်းမှအပ ပိုးသတ်ဆေးကို လက်လီလက်ကား ရောင်းချလိုပါက သက်ဆိုင်ရာခရိုင်ဦးစီးမှူးထံသတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့်လျှောက်ထားရမည်။

(င) ပုဒ်မခွဲ(က)၊(ခ)၊(ဂ)နှင့်(ဃ)တို့အ ရလျှောက်ထားရာတွင် သတ်မှတ်ထားသော လိုင်စင်ခကို ပေးဆောင်ရမည်။

(စ) ပုဒ်မခွဲ(က)၊ (ခ)၊ (ဂ)နှင့်(ဃ) တို့အရ လျှောက်ထားရာ၌ ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲခွင့်လက်မှတ် ရရှိပြီးသူ ဖြစ်ရမည်။

(b) if desirous of engaging in enterprise for repacking and sale in the country of the pesticide imported from aboard, apply to the Department in the prescribed application form for the purpose of obtaining a licence;

(c) if desirous of engaging in enterprise for fumigation and pest control on the export goods and storage crops which require fumigation in depots, buildings and surroundings of housing, warehouse, transportation vehicle and containers, apply to the Department in the prescribed application form for obtaining the licence;

(d) if desirous of engaging for retail and wholesale pesticide, other than the application under sub-section (a), (b) and (c), apply to the relevant District Chief Officer in the prescribed application form;

(e) in applying under sub-sections (a), (b), (c) and (d), pay the prescribed licence fee;

(f) in applying under sub-sections (a), (b), (c) and (d), have been obtained the certificate for the handling and use of pesticide.

၁၈။ ညွှန်ကြားရေးမှူးချုပ်သည်-

(က) ပုဒ်မ ၁၇၊ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့အရ လျှောက်ထားသော လျှောက်လွှာများနှင့်စပ်လျဉ်း၍ လိုင်စင်ထုတ်ပေးခြင်းသို့မဟုတ် လိုင်စင်ထုတ်ပေးရန်ငြင်းပယ်ခြင်းပြုနိုင်သည်။

(a) issue or reject to issue a licence with regard to the applications made under sub-sections (a), (b) and (c) of section 17;

(ခ) လိုင်စင်ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ လိုင်စင်ပါစည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ပါက စီမံခန့်ခွဲရေးဆိုင်ရာအမိန့်များချမှတ်နိုင်သည်။

(b) pass the administrative orders if it is failed to comply with any conditions in the licence in respect of issuing the licence;

(ဂ) သီးနှံများတွင် ပိုးသတ်ဆေး စမ်းသပ်သုံးစွဲသည့်ကိစ္စနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ပိုးသတ်ဆေး ရောင်းချသည့်ကိစ္စနှင့် စပ်လျဉ်း၍ဖြစ်စေ ဦးစီးမှူးများအား အခါအားလျော်စွာ လိုအပ်သလို ညွှန်ကြားနိုင်သည်။

(c) direct the officers from time to time on matters concerning experimental use of pesticide in crops or on matters concerning sale of pesticide as may be necessary;

(ဃ) ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) ပါ ညွှန်ကြားရေးမှူးချုပ်၏ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေးဦးစီးဌာနမှ သင့်လျော်သောအရာရှိများကိုလွှဲအပ်၍ဆောင်ရွက်ခွင့်ပြုနိုင်သည်။

(d) allow to delegate the functions and duties of the Director General in sub-sections (a), (b) and (c) to the suitable officers from the Department of Agriculture.

18. The Director General may:

## အခန်း (၆)

## ဦးစီးမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

## Duties and Powers of the Chief Officer

၁၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူးသည် -

(က) မိမိကြီးကြပ်ကွပ်ကဲရသော ခရိုင်နှင့်မြို့နယ်များအတွင်း ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲမှု၊ သိုလှောင်မှုနှင့်စပ်လျဉ်း၍ ခရိုင်ဦးစီးမှူးနှင့်မြို့နယ်ဦးစီးမှူးများ၏ ဆောင်ရွက်ချက်များကို အခါအားလျော်စွာ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း ပြုလုပ်ရမည်။

(ခ) ညွှန်ကြားရေးမှူးချုပ်က ပေးအပ်သော တာဝန်များကို ဆောင်ရွက်ရမည်။

၂၀။ ခရိုင်ဦးစီးမှူးသည်-

(က) ပုဒ်မ ၁၇၊ ပုဒ်မခွဲ(ဃ) အရလျှောက်ထားသော လျှောက်လွှာနှင့်စပ်လျဉ်း၍ စိစစ်ပြီး လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) လိုင်စင်ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်များချမှတ်နိုင်သည်။

**Chapter VI**

19. The Regional or State Chief Officer shall:

(a) inspect and supervise, from time to time, the performance of the District Chief Officers and Township Chief Officers concerning the handling and use and storage of the pesticide in the Districts and Townships under his charge and supervision;

(b) carry out the duties assigned by the Director General.

20. The District Chief Officer:

(a) may issue or reject to issue a licence after scrutiny with regard to the application made under sub-section (d) of section 17;

(b) may pass the administrative orders in respect of issuing the licence;

(ဂ) ပိုးသတ်ဆေးသုံးစွဲသူသည် သုံးစွဲပြီးသော ပိုးသတ်ဆေးဘူး အခွံနှင့် ထုပ်ပိုးပစ္စည်းများစွန့်ပစ်ခြင်း၊ဖျက်ဆီးခြင်းများကို

မှတ်ပုံတင်အဖွဲ့ သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်က ညွှန်ကြားထားသည့်အတိုင်း လိုက်နာခြင်း ရှိမရှိ စစ်ဆေးရန် မြို့နယ်ဦးစီးမှူးအား တာဝန်ပေးအပ်နိုင်သည်။

(ဃ) မြို့နယ်ဦးစီးမှူးနှင့်စစ်ဆေးရေးမှူးများ၏ ဆောင်ရွက်ချက်များကို သတ်မှတ်ချက်နှင့်အညီစစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းတို့ဆောင်ရွက်ရမည်။

၂၁။ မြို့နယ်ဦးစီးမှူးသည်-

(က) မိမိမြို့နယ်အတွင်းရှိပိုးသတ်ဆေးရောင်းချသူများလက်ဝယ်ရှိပိုးသတ်ဆေးများကို စစ်ဆေးခြင်း၊ နမူနာရယူခြင်းပြုနိုင်သည်။

(ခ) ပိုးသတ်ဆေးကို လိုင်စင်ပါစည်းကမ်းချက်နှင့်အညီ မဟုတ်ဘဲ ရောင်းချခြင်းကို စစ်ဆေးတွေ့ရှိပါက စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူနိုင်ရန် သက်ဆိုင်ရာခရိုင်ဦးစီးမှူးထံ တင်ပြရမည်။

(ဂ) မှတ်ပုံတင်အဖွဲ့ကဖြစ်စေ၊ ညွှန်ကြားရေးမှူးချုပ်ကဖြစ်စေ ပိုးသတ်ဆေး၏ ထိရောက်မှုနှင့် ကာကွယ်နှိမ်နင်းနိုင်မှုစွမ်းအားကို မိမိမြို့နယ်အတွင်း စမ်းသပ်ရန်ညွှန်ကြားသည့် လုပ်ငန်းတွင် ကိုယ်တိုင်ကြီးကြပ်ဆောင်ရွက်ရမည်။

(ဃ) စစ်ဆေးရေးမှူး၏ဆောင်ရွက်ချက်များကို အခါအားလျော်စွာ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းပြုလုပ်ရမည်။

(c) may assign the Township Chief Officer to inspect as to whether or not the user of the pesticide complies with the directive of the Registration Board or the Director General with regard to the disposal and destruction of the used containers and packages of the pesticide;

(d) shall inspect and supervise the performance of the Township Chief Officers and Inspectors in accord with the stipulations.

21. The Township Chief Officer:

(a) may inspect the pesticides and take sample in possession of the sellers of pesticide in his township;

(b) shall report to the relevant District Chief Officer to take an action by the administrative means if the pesticide sold inconsistent with the conditions in the licence is found;

(c) shall personally supervise the work in his Township instructed by the Registration Board or the Director General to test the efficacy and effectiveness of protection and suppression of the pesticide;

(d) shall inspect and supervise the performance of the Inspector from time to time.

## အခန်း(၇)

## စစ်ဆေးရေးမှူး၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂၂။ စစ်ဆေးရေးမှူးသည် အောက်ပါတာဝန်များကိုဆောင်ရွက်ရမည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်မှုရှိမရှိ စစ်ဆေးခြင်း၊

(ခ) မိမိတာဝန်ခံရသော နယ်မြေအတွင်း၌ဖြစ်စေ၊ သီးခြားတာဝန်ပေးအပ်သည့် နယ်မြေအတွင်း၌ဖြစ်စေ ပိုးသတ်ဆေးရောင်းချသည့်လုပ်ငန်းများနှင့်ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲမှုများကို စစ်ဆေးခြင်း၊

(ဂ) ဤဥပဒေပါတားမြစ်ချက်တစ်ရပ်ရပ် ဖောက်ဖျက်ကျူးလွန်သူကို ဤဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရန် တင်ပြခြင်း၊

(ဃ) ပိုးသတ်ဆေးဘူး၊ အခွံနှင့်ထုပ်ပိုးပစ္စည်းများ စနစ်တကျစွန့်ပစ်၊ ဖျက်ဆီးရေးကို စီမံခန့်ခွဲခြင်း၊

(င) ပိုးသတ်ဆေးများထုပ်ပိုးခြင်း၊ သိုလှောင်ခြင်းနှင့်ဖြန့်ဖြူးရောင်းချခြင်းတို့သည် လိုင်စင်တွင်ဖော်ပြပါရှိသော စည်းကမ်းချက်များနှင့် ကိုက်ညီမှုရှိမရှိကို စစ်ဆေးခြင်း၊

(စ) သီးနှံများတွင် ပိုးသတ်ဆေးသုံးစွဲမှုသည် အညွှန်းစာပါ စည်းကမ်းချက်များနှင့်ကိုက်ညီမှု ရှိမရှိ စစ်ဆေးခြင်း၊

(ဆ) ပိုးသတ်ဆေးဝယ်ယူရောင်းချသည့် မှတ်တမ်းများကို စစ်ဆေးခြင်း၊

(ဇ) ပိုးသတ်ဆေးများကိုစစ်ဆေးရန်အတွက် နမူနာယူခြင်း၊

## Chapter VII

## Duties and Powers of the Inspector

22. The Inspector shall undertake the following duties:

(a) inspecting whether or not it is complied with the provisions of this Law;

(b) inspecting the enterprises dealing with the sale of pesticide and handling and use of pesticide in the region assigned to him or in the specified region where duties are assigned;

(c) submitting to take action, in accord with this Law, against an offender who violates any prohibitions of this Law;

(d) administering the disposal and destruction of containers, wrappers and packages of pesticide systematically;

(e) inspecting whether or not packing, storage and distribution of the pesticides are consistent with the conditions described in the licence;

(f) inspecting whether or not the use of pesticide in crops is consistent with the conditions contained in the instructions;

(g) inspecting the records of sale and purchase of pesticide;

(h) taking a sample for analysis of the pesticides;

(ဈ) လိုင်စင်မရှိဘဲ ပိုးသတ်ဆေးရောင်းချသည့်ကိစ္စကို စစ်ဆေးတွေ့ရှိပါက ခရိုင်ဦးစီးမှူးထံ တင်ပြပြီး ယင်းကညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ခြင်း၊

(ည) ခရိုင်ဦးစီးမှူးက အခါအားလျော်စွာပေးအပ်သည့် တာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း(၈)
## မှတ်ပုံတင်လက်မှတ်ရရှိသူ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂၃။ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို ပြည်ပမှတင် သွင်းခွင့် သို့မဟုတ် ပြည်ပသို့တင်ပို့ခွင့်ရရှိသူသည်-

(က) မှတ်ပုံတင်လက်မှတ်ပါသက်တမ်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

(ခ) ပေးဆောင်ရန်ရှိသော မှတ်ပုံတင်ခနှင့် ဓာတ်ခွဲစမ်းသပ်ခတို့ကို ပေးဆောင်ပြီးဖြစ်ရမည်။

(ဂ) မှတ်ပုံတင်လက်မှတ်တွင် ဖော်ပြပါရှိသောစည်းကမ်းချက်များကိုလိုက်နာရမည်။

(ဃ) မှတ်ပုံတင်အဖွဲ့က အခါအားလျော်စွာထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

(င) ပြည်ပမှတင်သွင်းခွင့် သို့မဟုတ် ပြည်ပသို့တင်ပို့ခွင့်နှင့် စပ်လျဉ်း၍ မှတ်ပုံတင်အဖွဲ့ထံမှ တင်သွင်းခွင့်သို့မဟုတ် တင်ပို့ခွင့်ထောက်ခံချက်ရယူပြီးနောက် ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ခွင့်ပြုချက်ရယူရမည်။

(i) reporting the findings to the District Chief Officer on inspection of selling pesticide without licence and to comply with the direction given by him;

(j) shall carry out the duties assigned by the District Chief Officer from time to time.

## Chapter VIII
## Duties and Powers of the Registrar

23. A person who has the right to import or export the pesticide or active ingredient:

(a) has the right to work for the term contained in the registration certificate;

(b) shall pay the payable registration fee and analytical fee;

(c) shall comply with the conditions described in the registration certificate;

(d) shall comply with the orders and directives issued by the Registration Board from time to time;

(e) shall take the permission of the Directorate of Trade after obtaining the permission of export or import from the Registration Board relating to the export or import permit;

(စ) မှတ်ပုံတင်သက်တမ်းကုန်ဆုံးပြီးနောက်ဆက်လက်လုပ်ကိုင်လိုလျှင်သက်တမ်းမကုန်ဆုံးမီရက်ပေါင်း၃၀ကြိုတင်၍ မှတ်

ပုံတင်အဖွဲ့သို့ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားရမည်။

## အခန်း(၉)

## ပိုးသတ်ဆေး ဖော်စပ်ရောင်းချခွင့်၊ ပြန်လည်ထုပ်ပိုးရောင်းချခွင့်နှင့် ပိုးသတ်မှိုင်းတိုက်ခြင်းလိုင်စင်ရရှိသူ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၄။ ပိုးသတ်ဆေးဖော်စပ်ရောင်းချခွင့် နှင့် ပြန်လည်ထုပ်ပိုးရောင်းချခွင့်လိုင်စင်ရရှိသူသည်-

(က) လိုင်စင်ပါ သက်တမ်း နှင့် အညီ လုပ်ကိုင် ဆောင်ရွက်ခွင့်ရှိသည်။

(ခ) ပေးဆောင်ရန်ရှိသောလိုင်စင်ခနှင့် ဓာတ်ခွဲစမ်းသပ်ခတို့ကို ပေးဆောင်ပြီးဖြစ်ရမည်။

(ဂ) လိုင်စင် လျှောက်ထားစဉ် ကတင်ပြခဲ့သည့်အဆိပ်ရှိပစ္စည်းပါဝင်မှုရာခိုင်နှုန်းအတိုင်း ပြည့်မီအောင် ဖော်စပ်ရမည်။

(ဃ) ဖော်စပ်သည့် ပိုးသတ်ဆေးအတွက် သုံးစွဲရန် အညွှန်းစာတွင် ပိုးသတ်ဆေး အမျိုးအမည်၊ ကာကွယ်နှိမ်နင်းနိုင်သောပိုးများ၊ အဆိပ်သင့်နိုင်မှု အဆင့်အတန်း၊ အသုံးပြုရမည့် ဆေးနှုန်းထားတို့အပြင် အဆိပ်သင့်နိုင်မှုအန္တရာယ်မှကင်းရှင်း ရန် နည်းလမ်းများကို မြန်မာဘာသာဖြင့် ဖော်ပြရမည်။

(f) shall apply for extension of registration period to the Registration Board prior to 30 days before the expiry of the period if desirous of continuing, on expiry of the registration period.

## Chapter IX

## Duties and Powers of Licence Holders for Formulation, Repacking and Fumigation of Pesticides

24. A person holding a licence to formulate, repack and fumigate of pesticide:

(a) has the right to work for the term of period included in the licence;

(b) shall pay the payable licence fee and analytical fee;

(c) shall formulate in conformity with formulation containing the percentage of active ingredient shown at the time the licence is applied for;

(d) shall describe in instruction for formulated pesticide to use including name of pesticide, pests to be controlled, toxicity level, dosage and method of safety Precaution in Myanmar Language shall also be on the Label of pesticide

(င) ပိုးသတ်ဆေးထည့်သွင်းထားသည့်ဘူး၊ ပုလင်း သို့မဟုတ် အထုပ်များပေါ်တွင် လိုင်စင်လျှောက်ထားစဉ်က တင်ပြခဲ့

သည့်ထုတ်လုပ်သည့် ရက်စွဲနှင့် သက်တမ်းကုန်ဆုံးသည့် ရက်စွဲ၊ ကုန်အမှတ်တံဆိပ်နှင့် အညွှန်းတံဆိပ်ကို ကပ်ထားရမည်။

(စ) လိုင်စင်တွင်ဖော်ပြပါရှိသော စည်းကမ်းချက်များကို လိုက်နာရမည်။

(ဆ) ဦးစီးဌာနကအခါအားလျော်စွာ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

(ဇ) ပိုးသတ်ဆေးဖော်စပ်ထုတ်လုပ်ရောင်းချခွင့် လိုင်စင်ရရှိသူ၊ ပြန်လည်ထုတ်ပိုးရောင်းချခွင့် လိုင်စင်ရရှိသူနှင့် ပိုးသတ်မှိုင်းတိုက်ခြင်း လိုင်စင်ရရှိသူတို့သည် လုပ်ငန်းကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုပတ်ဝန်းကျင်ဆိုင်ရာနှင့်ကျန်းမာရေးဆိုင်ရာ ထိခိုက်စေနိုင်ခြင်း ရှိမရှိတို့အား စစ်ဆေးခြင်းခံယူရမည်။

(ဈ) လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက် လုပ်ကိုင်လို လျှင် သက်တမ်းမကုန်ဆုံးမီရက်ပေါင်း ၃၀ ကြိုတင် ၍ ဦးစီးဌာနသို့ သက်တမ်း တိုးမြှင့်ပေးရန် လျှောက်ထားရမည်။

(e) shall affix the manufactured date, expiry date, trade mark and label on the containers, bottles or packages shown at the time the licence is applied for;

(f) shall comply with the conditions stipulated in the licence;

(g) shall comply with the orders and directives issued by the Department from time to time;

(h) shall be inspected whether or not it can impact on natural environment, society and health due to doing business of the license of formulation and production, the licensee of repacking and selling, and the licensee of fumigation;

(i) shall apply for extension of licence period to the Department prior to 30 days before the expiry of the period if desirous of continuing, on expiry of the licence period.

## **အခန်း(၁၀)**

## ပိုးသတ်ဆေးလက်လီလက်ကားရောင်းချခွင့်လိုင်စင်ရရှိသူ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၅။ ပိုးသတ်ဆေးလက်လီလက်ကားရောင်းချခွင့်လိုင်စင်ရရှိသူသည်-

(က) လိုင်စင်ပါ သက်တမ်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

(ခ) သတ်မှတ်သော လိုင်စင်ခကို ပေးဆောင်ပြီးဖြစ်ရမည်။

(ဂ) လိုင်စင်ကိုဆိုင်တွင် မြင်သာအောင် ချိတ်ဆွဲထားရမည်။

(ဃ) ရောင်းချသည့်ပိုးသတ်ဆေးများ၏ အာနိသင်ပြောင်းလဲစေရန် အခြားအရာဝတ္ထုပစ္စည်း တစ်စုံတစ်ရာ ရောနှောခြင်း၊ ပြုပြင်ခြင်းနှင့် မမှန်မကန် ကြော်ငြာရောင်းချခြင်း မပြုလုပ်ရ။

(င) လိုင်စင်တွင်ဖော်ပြပါရှိသော စည်းကမ်းချက်များကို တိကျစွာ လိုက်နာရမည်။

(စ) ဦးစီးမှူးသို့မဟုတ်စစ်ဆေးရေးမှူးက အခါအားလျော်စွာ စစ်ဆေးခြင်းကို ခံယူရမည်။

(ဆ) မြို့နယ်ဦးစီးမှူးက တောင်းခံလာပါက မိမိလက်ဝယ်ရှိ ပိုးသတ်ဆေးနမူနာများကို ပေးအပ်ရမည်။

(ဇ) ပိုးသတ်ဆေးဝယ်ယူရောင်းချသည့်မှတ်တမ်းများ ထားရှိရမည်။

## Duties and Powers of the Licence Holder of Retail and Wholesale Pesticide

25. A person holding a licence for retail and wholesale pesticide:

(a) has the right to work for the term of period contained in the licence;

(b) shall pay the specified licence fee;

(c) shall hang the licence at the shop conspicuously;

(d) shall not mix, modify with any other substance and falsely advertise for sale in order to change the potency of the pesticide offered for sale;

(e) shall explicitly comply with the conditions described in the licence;

(f) shall be inspected by the Officer or Inspector from time to time;

(g) shall offer the samples of pesticide in his possession when requested by the Township Chief Officer;

(h) shall keep records of purchase and sale of pesticide;

## Chapter X

(ဈ) လိုင်စင်သက်တမ်းကုန်ဆုံးပါက ဆက်လက် လုပ်ကိုင်လိုလျှင် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် သက်ဆိုင်ရာခရိုင်ဦးစီးမှူးထံ လျှောက်ထားရမည်။

## အခန်း(၁၁)

## ပိုးသတ်ဆေးသုံးစွဲသူလိုက်နာရမည့် စည်းကမ်းများ

၂၆။ ပိုးသတ်ဆေးသုံးစွဲသူသည်-

(က) ပိုးသတ်ဆေးအညွှန်းစာပါအတိုင်း လိုက်နာသုံးစွဲရမည်။

(ခ) ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သော ပိုးသတ်ဆေးအန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်ခြင်းနည်းလမ်းများအတိုင်းလိုက်နာသုံးစွဲရမည်။

(ဂ) ပိုးသတ်ဆေးများကို အစားအသောက်များနှင့် နီးကပ်စွာထားရှိခြင်း၊ ကလေးသူငယ်များ အလွယ်တကူလက်လှမ်းမီသောနေရာတွင်ထားရှိခြင်းမပြုလုပ်ရ။

(ဃ) သုံးစွဲပြီးသော ပိုးသတ်ဆေးဘူးအခွံနှင့် ထုပ်ပိုးပစ္စည်းများကိုဦးစီးဌာန၏ညွှန်ကြားချက်နှင့်အညီ စွန့်ပစ်ဖျက်ဆီးခြင်းနည်းလမ်းများအတိုင်းလိုက်နာဆောင်ရွက်ရမည်။

(င) စိုက်ခင်းများတွင်လည်းကောင်း၊ ရိတ်သိမ်းပြီးသီးနှံများကိုသိုလှောင်ရာတွင်လည်းကောင်း ပိုးသတ်ဆေးသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သောပညာပေးလမ်းညွှန်မှုများကိုလိုက်နာရမည်။

(i) shall apply for extension of licence period to the relevant District Chief Officer prior to 30 days before the expiry of the period if desirous of continuing, on the expiry of the licence period.

## Chapter XI

## Conditions for Compliance by Pesticide Use

26. The user of pesticide shall:

(a) comply with the instruction for use of pesticide;

(b) comply with pesticide safety guidelines published by the Department from time to time;

(c) neither keep pesticides in close proximity to foodstuffs, nor within easy reach of children;

(d) comply with the methods of disposal and destruction of the used empty container and packaging materials of the pesticide in accord with the directive of the Department;

(e) comply with the educational directives published from time to time by the Department concerning use of pesticides in the cultivation fields and the storage of harvested crops.

## အခန်း(၁၂)
## စီမံခန့်ခွဲရေးနည်းလမ်းအရအရေးယူခြင်း

၂၇။ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၂၄ပါပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ လိုင်စင်ပါစည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သောလိုင်စင်ရရှိသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(က) လိုင်စင်ကိုရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊

(ခ) ဒဏ်ကြေးငွေ ပေးဆောင်စေ၍ လိုအပ်ချက်များကိုပြုပြင်စေပြီး ဆက်လက်လုပ်ကိုင်ခွင့် ပြုခြင်း၊

(ဂ) လိုင်စင်ရရှိသူ၏ လက်ဝယ်ရှိ ပိုးသတ်ဆေးလက်ကျန်ကို သိမ်းယူခြင်း၊ဖျက်ဆီးခြင်း။

၂၈။ ခရိုင်ဦးစီးမှူးသည် ပုဒ်မ၂၅ပါလိုင်စင်ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန်ပျက်ကွက်သောလိုင်စင်ရရှိသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာအမိန့်တစ်ရပ်ရပ်ကို ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေချမှတ်နိုင်သည်-

(က) လိုင်စင်ကိုရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊

(ခ) ဒဏ်ကြေးငွေပေးဆောင်စေ၍ လိုအပ်ချက်များကို ပြုပြင်စေပြီး ဆက်လက်လုပ် ကိုင်ခွင့်ပြုခြင်း၊

(ဂ) လိုင်စင်ရရှိသူ၏ လက်ဝယ်ရှိ ပိုးသတ်ဆေးလက်ကျန်ကို သိမ်းယူခြင်း၊ဖျက်ဆီးခြင်း။

## Chapter XII
## Taking Action by the Administrative Means

27. The Director General may pass any of the following administrative orders or more than one on the licensee who fails to comply with any conditions of the licence relating to the provisions of section 24:

(a) withdrawing or suspending the licence subject to a time limit;

(b) permitting to continue the enterprise after causing payment of fine and requirement to be made;

(c) confiscating or destroying the remaining pesticide in the possession of the licensee.

28. The District Chief Officer may pass any of the following administrative orders or more than one on the licensee who fails to comply with any conditions of the licence relating to the provisions of section 25:

(a) withdrawing or suspending the licence subject to a time limit;

(b) permitting to continue the enterprise after causing payment of fine and requirement to be made;

(c) confiscating or destroying the remaining of the pesticide in the possession of the licensee.

## အခန်း(၁၃)
## အယူခံခြင်း

၂၉။ ပုဒ်မ၂၈အရခရိုင်ဦးစီးမှူးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချသည့်နေ့မှ ရက်ပေါင်း၃၀အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ အယူခံဝင်နိုင်သည်။

၃၀။ (က) ပုဒ်မ ၂၇ အရလည်းကောင်း၊ ပုဒ်မ၂၉ အရလည်း ကောင်း၊ ညွှန်ကြားရေးမှူးချုပ်ကချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ် ချက်ချမှတ်သည့် နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်။

(ခ) ဝန်ကြီး၏ဆုံးဖြတ်ချက်သည်အပြီးအပြတ် ဖြစ်စေရ မည်။

## Chapter XIII
## Appeal

29. Any person dissatisfied with the order or decision made by the District Chief Officer under section 28 may appeal to the Director General within 30 days of the date of such order or decision is made.

30. (a) Any person dissatisfied with the order or decision made by the Director General under sections 27 and 29 may appeal to the Minister within 30 days of the date of such order or decision is made;

(b) The decision of the Minister shall be final and conclusive.

## အခန်း(၁၄)
## တားမြစ်ချက်များ

၃၁။ မည်သူမျှ မှတ်ပုံတင်အဖွဲ့၏ ခွင့်ပြုချက်မရှိဘဲ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို ပြည်ပမှတင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း မပြုလုပ်ရ။

## Chapter XIV
## Prohibitions

31. No one shall import or export the pesticide and active ingredient without a permit of the Registration Board.

၃၂။ မည်သူမျှလိုင်စင်မရှိဘဲပြည်ပမှ တင်သွင်းလာသော အဆိပ်ရှိပစ္စည်းကို ပိုးသတ်ဆေးအဖြစ် ဖော်စပ်ရောင်းချသည့်လုပ်ငန်း၊ ပြည်ပမှပြည်တွင်းသို့တင်သွင်းလာသော ပိုးသတ်ဆေးကို ပြန်လည်ထုပ်ပိုးရောင်းချသည့်လုပ်ငန်း၊ ပိုးသတ်ဆေးကို လက်လီလက်ကားရောင်းချသည့်လုပ်ငန်းနှင့် ပိုးသတ်မှိုင်းတိုက်ခြင်းလုပ်ငန်းများကိုမပြုလုပ်ရ။

၃၃။ မည်သူမျှ ပိုးသတ်ဆေးကိုဖြစ်စေ၊ အဆိပ်ရှိပစ္စည်းကိုဖြစ်စေ ပိုးကျသည့် အန္တရာယ်ကာကွယ်နှိမ်နင်းသည့်ကိစ္စမှအပ လူအများစားသုံးသည့် သီးနှံ၊ အစားအစာ သို့မဟုတ် အဖျော်ယမကာစသည်များတွင် ထည့်သွင်းသုံးစွဲခြင်း၊ ပိုးသတ်ဆေးသို့မဟုတ်အဆိပ်ရှိပစ္စည်းကို သုံးစွဲလျက် မည်သည့် သတ္တဝါကိုမျှဖမ်းယူခြင်း၊သတ်ဖြတ်ခြင်းမပြုလုပ်ရ။

၃၄။ မည်သူမျှ အသက် ၁၈နှစ်နှင့်၁၈နှစ်အောက်ကလေး၊ ကိုယ်ဝန်ဆောင်မိန်းမ သို့မဟုတ် ကလေးနို့တိုက်သောမိန်းမကို ပိုးသတ်ဆေးကိုင်တွယ်ရာတွင်လည်းကောင်း၊ သုံးစွဲရာတွင်လည်းကောင်း စေခိုင်းခြင်းမပြုလုပ်ရ။

၃၅။ ပိုးသတ်ဆေးသုံးစွဲသူ မည်သူမဆို ပုဒ်မ ၂၆ ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းကြောင့် ပတ်ဝန်းကျင်ကိုဖြစ်စေ၊ တစ်စုံတစ်ယောက်ကိုဖြစ်စေ ထိခိုက်နစ်နာခြင်းမရှိစေရ။

32. No one shall, without a licence, engage in an enterprise of formulating and selling of active ingredient imported from abroad as a pesticide or of repacking and selling of pesticide imported into the country or of the retail and wholesale pesticide and of fumigation.

33. No one shall use the pesticide or active ingredient, apart from suppressing of outbreak of pests, in the crops or foodstuffs or beverages consumed by the public. No one shall use the pesticide or active ingredient to catch or kill any creatures.

34. No one shall employ children of 18 years and under, pregnant woman or nursing mother in handling or in use of pesticide.

35. Whoever using the pesticide shall not affect the environment or anyone by violating any conditions of section 26.

၃၆။ ပိုးသတ်ဆေးသုံးစွဲသူမည်သူမဆို ပုဒ်မ ၂၆ ပါစည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းကြောင့် တစ်စုံတစ်ယောက်သောသူအား

အသက်ဆုံးရှုံးမှုကိုဖြစ်ပေါ်စေပါက ရာဇသတ်ကြီးအရ ပြစ်ဒဏ်ထိုက်သင့်စေရမည်။

၃၇။ မည်သူမျှသီးနှံများကို သိုလှောင်ရာတွင် မှတ်ပုံတင်အဖွဲ့က သတ်မှတ်ထားသည့် ပိုးသတ်ဆေးအမျိုးအစားနှင့် သုံးစွဲနည်းများမှအပ အခြားပိုးသတ်ဆေးအမျိုးအစားနှင့် သုံးစွဲနည်းများကို သုံးစွဲခြင်းမပြုရ။

၃၈။ မည်သူမျှ ပိုးသတ်ဆေးကို အစားအစာနှင့်အတူတွဲ၍ရောင်းချခြင်းသော်လည်းကောင်း၊ သယ်ဆောင်ခြင်းသော်လည်းကောင်း မပြုလုပ်ရ။

## အခန်း(၁၅)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၉။ မည်သူမဆို ပုဒ်မ၂၅၊ပုဒ်မခွဲ(ဃ)၊ပုဒ်မ၃၁၊၃၂၊၃၃နှင့်၃၄ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကိုထောင်ဒဏ်ငါးနှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ်တစ်ဆယ်သိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။ ထို့ပြင် ပြစ်မှုတွင်အကျုံးဝင်သည့် သက်သေခံပစ္စည်းများကိုလည်း သိမ်းယူခြင်း ခံရမည်။

၄၀။ မည်သူမဆို ပုဒ်မ ၃၅ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လအထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ကျပ် သုံးသိန်းအထိဖြစ်စေ ကျခံစေရမည်။

36. Whoever using the pesticide shall be punished under the Penal Code when causing loss of life to anyone by violating section 26.

37. No one shall use other types of the pesticide and application methods other than types of the pesticide and application methods prescribed by the Registration Board in the storage of crops.

38. No one shall offer for sale or transport the pesticide along with foodstuffs.

## **Chapter** XV
## Offences and Penalties

39. Whoever violates any provisions of sub-section (d) of section 25, sections 31, 32, 33 and 34 shall, on conviction, be punished with imprisonment for a term which may extend to 5 years or with fine which may extend to ten hundred thousand kyats or with both. In addition, the exhibits involved in the offence shall also be confiscated.

40. Whoever violates any provision of section 35 shall, on conviction, be punished with imprisonment for a term which may extend to six months or with fine which may extend to three hundred thousand kyats.

၄၁။ မည်သူမဆို ပုဒ်မ ၃၆ သို့မဟုတ် ပုဒ်မ ၃၇ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ်တစ်နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ်တစ်ဆယ်သိန်း

အထိဖြစ်စေ၊ဒဏ်နှစ်ရပ်လုံးဖြစ်စေကျခံစေရမည်။ ထို့ပြင်ပြစ်မှုတွင် အကျုံးဝင်သည့် သက်သေခံပစ္စည်းများကိုလည်း သိမ်းယူခြင်းခံရမည်။

၄၂။ သက်ဆိုင်ရာတရားရုံးသည် သိမ်းယူထားသော သက်သေခံပစ္စည်းများကို စီမံခန့်ခွဲရန် ညွှန်ကြားရေးမှူးချုပ်ထံ လွှဲပြောင်းပေးအပ်ရမည်။

## အခန်း(၁၆)
## အထွေထွေ

၄၃။ ဝန်ကြီးဌာနသည်မှတ်ပုံတင်ခ၊ လိုင်စင်ခ၊ သက်တမ်းတိုးမြှင့်ခနှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခတို့ကိုသတ်မှတ်ရမည်။

၄၄။ ဤဥပဒေအရတရားစွဲဆိုသော ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသောအမှုအဖြစ်သတ်မှတ်သည်။

၄၅။ ဤဥပဒေအရ တရားစွဲဆိုသောပြစ်မှုတွင် သက်သေခံပစ္စည်းဖြစ်သော ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းနှင့်စပ်လျဉ်း၍ ဦးစီးဌာန၏ ဓာတ်ခွဲစစ်ဆေးတွေ့ရှိချက်အစီရင်ခံစာသည် ယင်းပြစ်မှုအတွက် အပြီးသတ် သက်သေခံချက် ဖြစ်စေရမည်။

41. Whoever violates any provision of sections 36 and 37 shall, on conviction, be punished with imprisonment for a term which may extent to one year or with fine which may extend to ten hundred thousand kyats or with both. In addition, the exhibits involved in the offence shall also be confiscated.

42. The relevant court shall transfer to administer the confiscated exhibits to the Director General.

## Chapter XVI
## Miscellaneous

43. The Ministry shall determine the registration fee, licence fee, renewal fee and analytical fee.

44. Offences prosecuted under this Law are determined as cognizable offences.

45. The analytical report of the Department concerning the pesticide and active ingredient exhibited in the offence tried under this law shall be conclusive evidence for that offence.

၄၆။ ဤဥပဒေမပြဋ္ဌာန်းမီက ခွင့်ပြုသုံးစွဲလျက်ရှိသော ပိုးသတ်ဆေးများကို ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ခွင့်ပြုသည်ဟု မှတ်ယူရမည်။

၄၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) မှတ်ပုံတင်အဖွဲ့နှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၈။ ပိုးသတ်ဆေးဥပဒေ ( နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၀/၉၀) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

46. The pesticide used before enacting this Law shall be deemed that it is allowed in accord with the provisions of this Law.

47. In implementing the provisions of this Law:

(a) the Ministry may, with the approval of the Union Government, issue rules, regulations and by-laws;

(b) the Registration Board and Department may issue notifications, orders, directives and procedures.

48. The Pesticide Law (The State Law and Order Restoration Council Law No. 10/ 90) is repealed by this Law.

---

I hereby sign in accord with the Constitution of the Republic of the Union of Myanmar.

Sd/ Thein Sein
President
The Republic of the Union of Myanmar